မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၅ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၃၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးခင်မောင်ထွန်း ကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာစိုးဝင်း ကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအား တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုကိန်းအောင်းခိုင်မာလာစေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကို အဆင့်မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် **ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ (ရန်ကုန်) ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ထ) အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

၂။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ လုပ်ငန်းတာဝန်များကို လမ်းညွှန်မှုနှင့်အညီ ချမှတ်ခြင်း၊

(ခ) လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းတာဝန်များ ချမှတ်ပေးခြင်း၊

(ဂ) လုပ်ငန်းကော်မတီများက တင်ပြလာသည့် ကိစ္စရပ်များကို စိစစ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့အပြင် ဆုံးဖြတ်ချက်များကို တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီသို့ တင်ပြခြင်းနှင့် လိုအပ်ပါက နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြခြင်း၊

(ဃ) လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များ၊ တိုးတက်မှုအခြေအနေများကို နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြခြင်း။

၃။ ကော်မတီသည် လိုအပ်သော လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

### မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(၁) ဦးသောင်းထွန်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | ဒေါက်တာသန်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၄) | ဦးဆက်အောင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်နီလာကျော်<br>ဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဒေါက်တာအောင်ထွန်းသက်<br>စီးပွားရေးပညာရှင် | အဖွဲ့ဝင် |
| (၇) | ဦးခင်မောင်ရီ<br>အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးထိန်လွင်<br>အမြဲတမ်းအတွင်းဝန် (ငြိမ်း)<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးတိုးအောင်မြင့်<br>အမြဲတမ်းအတွင်းဝန် (ငြိမ်း)<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးငွေးချွန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးအေးလွင်<br>ဗဟိုအလုပ်အမှုဆောင်<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (၁၂) | ဦးသန့်စင်လွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |
| (၁၃) | ဒေါ်မြသူဇာ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ ဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၂. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၂. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၉. ၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၈. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၄. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၇. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၂. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၆. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉. ၂ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁. ၅ ရာခိုင်နှုန်းမှ ၂၀. ၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၀ ရာခိုင်နှုန်းမှ ၃၈. ၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀. ၅ ရာခိုင်နှုန်းမှ ၄၁. ၀ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၈၄,၃၄၇. ၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၆. ၃၈ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၃. ၆၁ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅,၅၀၀. ၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇,၅၀၀. ၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၉၄၉,၇၃၀ မှ ကျပ် ၂,၁၈၀,၇၅၅ သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည် ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှုသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပူးတွဲ-၁**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၉,၉၉၇,၁၄၆. ၀** | **၂၂. ၅** | **၂. ၁** | **၂၀,၄၉၆,၄၉၄. ၄** | **၂၁. ၅** | **၂. ၅** |
| | ၁ | လယ်ယာ | ၁၂,၉၈၇,၅၄၇. ၇ | ၁၄. ၆ | ၁. ၁ | ၁၃,၂၉၁,၃၇၀. ၉ | ၁၃. ၉ | ၂. ၃ |
| | ၂ | သားငါး | ၆,၉၄၂,၃၉၃. ၅ | ၇. ၈ | ၄. ၃ | ၇,၁၄၃,၉၄၅. ၅ | ၇. ၅ | ၂. ၉ |
| | ၃ | သစ်တော | ၆၇,၂၀၄. ၈ | ၀. ၁ | -၉. ၈ | ၆၁,၁၇၈. ၀ | ၀. ၁ | -၉. ၀ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၂,၁၃၇,၂၁၄. ၅** | **၃၆. ၀** | **၈. ၄** | **၃၄,၈၉၅,၆၃၆. ၉** | **၃၆. ၆** | **၈. ၆** |
| | ၁ | စွမ်းအင် | ၃,၂၆၈,၄၉၅. ၀ | ၃. ၇ | ၁. ၃ | ၃,၂၈၅,၂၅၁. ၇ | ၃. ၄ | ၀. ၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၁၄,၃၅၀. ၇ | ၁. ၀ | ၅. ၁ | ၉၆၁,၉၁၂. ၀ | ၁. ၀ | ၅. ၂ |
| | ၃ | စက်မှုလက်မှု | ၂၀,၉၆၃,၂၄၆. ၁ | ၂၃. ၅ | ၉. ၈ | ၂၃,၀၄၃,၆၃၈. ၉ | ၂၄. ၂ | ၉. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၃၇၉,၅၇၀. ၃ | ၁. ၅ | ၇. ၆ | ၁,၄၈၈,၇၇၃. ၈ | ၁. ၆ | ၇. ၉ |
| | ၅ | ဆောက်လုပ်မှု | ၅,၆၁၁,၅၅၂. ၄ | ၆. ၃ | ၈. ၆ | ၆,၁၁၆,၀၆၀. ၅ | ၆. ၄ | ၉. ၀ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၇,၀၄၇,၃၁၇. ၀** | **၄၁. ၅** | **၈. ၀** | **၄၀,၀၃၇,၀၈၇. ၂** | **၄၁. ၉** | **၈. ၁** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၆၉၀,၃၁၉. ၂ | ၁၂. ၀ | ၈. ၁ | ၁၁,၅၆၂,၉၀၁. ၉ | ၁၂. ၁ | ၈. ၂ |
| | ၂ | ဆက်သွယ်ရေး | ၂,၃၀၃,၀၀၀. ၆ | ၂. ၆ | ၁၁. ၄ | ၂,၅၂၂,၀၃၈. ၀ | ၂. ၆ | ၉. ၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅. ၂ | ၀. ၄ | ၇. ၁ | ၄၀၉,၀၂၇. ၆ | ၀. ၄ | ၁၁. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၁၆၃,၅၈၅. ၂ | ၃. ၅ | ၄. ၂ | ၃,၂၉၅,၀၁၂. ၇ | ၃. ၅ | ၄. ၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၇၉၀,၇၈၉. ၃ | ၃. ၁ | ၁၂. ၄ | ၃,၁၄၉,၁၃၈. ၂ | ၃. ၃ | ၁၂. ၈ |
| | ၆ | ကုန်သွယ်မှု | ၁၇,၇၃၂,၀၁၇. ၅ | ၁၉. ၉ | ၇. ၆ | ၁၉,၀၉၈,၉၆၈. ၈ | ၂၀. ၀ | ၇. ၇ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈၉,၁၈၁,၆၇၇. ၅** | **၁၀၀. ၀** | **၆. ၈** | **၉၅,၄၂၉,၂၁၈. ၅** | **၁၀၀. ၀** | **၇. ၀** |

**ပူးတွဲ-၂**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၂,၁၃၄,၃၆၀. ၅** | **၅၈. ၅** | **၅. ၉** | **၅၅,၃၉၂,၁၃၁. ၃** | **၅၈. ၁** | **၆. ၂** |
| | ၁ | လယ်ယာ | ၁၂,၉၈၇,၅၄၇. ၇ | ၁၄. ၆ | ၁. ၁ | ၁၃,၂၉၁,၃၇၀. ၉ | ၁၃. ၉ | ၂. ၃ |
| | ၂ | သားငါး | ၆,၉၄၂,၃၉၃. ၅ | ၇. ၈ | ၄. ၃ | ၇,၁၄၃,၉၄၅. ၅ | ၇. ၅ | ၂. ၉ |
| | ၃ | သစ်တော | ၆၇,၂၀၄. ၈ | ၀. ၁ | -၉. ၈ | ၆၁,၁၇၈. ၀ | ၀. ၁ | -၉. ၀ |
| | ၄ | စွမ်းအင် | ၃,၂၆၈,၄၉၅. ၀ | ၃. ၇ | ၁. ၃ | ၃,၂၈၅,၂၅၁. ၇ | ၃. ၄ | ၀. ၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၁၄,၃၅၀. ၇ | ၁. ၀ | ၅. ၁ | ၉၆၁,၉၁၂. ၀ | ၁. ၀ | ၅. ၂ |
| | ၆ | စက်မှုလက်မှု | ၂၀,၉၆၃,၂၄၆. ၁ | ၂၃. ၅ | ၉. ၈ | ၂၃,၀၄၃,၆၃၈. ၉ | ၂၄. ၂ | ၉. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၃၇၉,၅၇၀. ၃ | ၁. ၅ | ၇. ၆ | ၁,၄၈၈,၇၇၃. ၈ | ၁. ၆ | ၇. ၉ |
| | ၈ | ဆောက်လုပ်မှု | ၅,၆၁၁,၅၅၂. ၄ | ၆. ၃ | ၈. ၆ | ၆,၁၁၆,၀၆၀. ၅ | ၆. ၄ | ၉. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၉,၃၁၅,၂၉၉. ၅** | **၂၁. ၆** | **၈. ၄** | **၂၀,၉၃၈,၁၁၈. ၄** | **၂၁. ၉** | **၈. ၄** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၆၉၀,၃၁၉. ၂ | ၁၂. ၀ | ၈. ၁ | ၁၁,၅၆၂,၉၀၁. ၉ | ၁၂. ၁ | ၈. ၂ |
| | ၂ | ဆက်သွယ်ရေး | ၂,၃၀၃,၀၀၀. ၆ | ၂. ၆ | ၁၁. ၄ | ၂,၅၂၂,၀၃၈. ၀ | ၂. ၆ | ၉. ၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅. ၂ | ၀. ၄ | ၇. ၁ | ၄၀၉,၀၂၇. ၆ | ၀. ၄ | ၁၁. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၁၆၃,၅၈၅. ၂ | ၃. ၅ | ၄. ၂ | ၃,၂၉၅,၀၁၂. ၇ | ၃. ၅ | ၄. ၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၇၉၀,၇၈၉. ၃ | ၃. ၁ | ၁၂. ၄ | ၃,၁၄၉,၁၃၈. ၂ | ၃. ၃ | ၁၂. ၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၇,၇၃၂,၀၁၇. ၅** | **၁၉. ၉** | **၇. ၆** | **၁၉,၀၉၈,၉၆၈. ၈** | **၂၀. ၀** | **၇. ၇** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈၉,၁၈၁,၆၇၇. ၅** | **၁၀၀. ၀** | **၆. ၈** | **၉၅,၄၂၉,၂၁၈. ၅** | **၁၀၀. ၀** | **၇. ၀** |

**ပူးတွဲ-၃**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
# စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၀၉,၆၀၁. ၇ | ၁. ၉ | ၆. ၇ | ၁,၈၄၇,၁၄၄. ၆ | ၁. ၉ | ၈. ၀ |
| ၂ | ကယားပြည်နယ် | ၃၁၃,၀၁၇. ၃ | ၀. ၄ | ၆. ၁ | ၃၂၈,၀၁၅. ၇ | ၀. ၄ | ၄. ၈ |
| ၃ | ကရင်ပြည်နယ် | ၁,၆၀၉,၄၁၇. ၈ | ၁. ၈ | ၈. ၁ | ၁,၇၃၂,၃၉၅. ၃ | ၁. ၈ | ၇. ၆ |
| ၄ | ချင်းပြည်နယ် | ၃၇၆,၁၇၉. ၉ | ၀. ၄ | ၆. ၃ | ၄၀၅,၈၉၂. ၄ | ၀. ၄ | ၇. ၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၅၄၅,၉၇၉. ၈ | ၁၁. ၈ | ၇. ၅ | ၁၁,၃၅၃,၅၂၆. ၈ | ၁၁. ၉ | ၇. ၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၇၈,၀၉၈. ၆ | ၄. ၀ | ၂. ၂ | ၃,၆၆၆,၀၅၀. ၁ | ၃. ၈ | ၂. ၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၃၄၆,၁၁၁. ၃ | ၈. ၂ | ၆. ၇ | ၇,၈၁၇,၆၀၅. ၁ | ၈. ၂ | ၆. ၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၀၅၈,၆၄၂. ၁ | ၇. ၉ | ၄. ၀ | ၇,၆၁၉,၈၅၅. ၆ | ၈. ၀ | ၈. ၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၆၈၀,၅၁၇. ၂ | ၁၀. ၉ | ၇. ၂ | ၁၀,၃၃၈,၇၈၀. ၁ | ၁၀. ၈ | ၆. ၈ |
| ၁၀ | မွန်ပြည်နယ် | ၃,၆၂၀,၂၆၄. ၃ | ၄. ၁ | ၇. ၆ | ၃,၈၆၁,၉၅၈. ၂ | ၄. ၁ | ၆. ၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၈၈၇,၁၁၃. ၃ | ၄. ၄ | ၆. ၁ | ၄,၀၄၆,၇၈၈. ၇ | ၄. ၂ | ၄. ၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၂,၂၂၃,၇၈၅. ၀ | ၂၄. ၉ | ၉. ၁ | ၂၄,၂၀၉,၆၆၉. ၇ | ၂၅. ၄ | ၈. ၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၂၀၂,၅၆၁. ၁ | ၅. ၈ | ၅. ၃ | ၅,၅၀၉,၅၈၃. ၇ | ၅. ၈ | ၅. ၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀,၁၇၂,၀၅၉. ၂ | ၁၁. ၄ | ၅. ၀ | ၁၀,၆၆၂,၀၀၀. ၅ | ၁၁. ၂ | ၄. ၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၈၅၈,၃၂၈. ၉ | ၂. ၁ | ၆. ၈ | ၂,၀၂၉,၉၅၂. ၀ | ၂. ၁ | ၉. ၂ |

**ပူးတွဲ-၄**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၂,၆၉၆,၄၄၀. ၉** | **၂၁. ၅** | **၂၄,၁၄၀,၅၉၀. ၉** | **၂၀. ၃** | **၆. ၄** |
| | ၁ | လယ်ယာ | ၁၄,၅၀၇,၉၄၆. ၇ | ၁၃. ၇ | ၁၅,၃၀၈,၉၃၉. ၅ | ၁၂. ၉ | ၅. ၅ |
| | ၂ | သားငါး | ၈,၁၀၇,၉၄၀. ၃ | ၇. ၇ | ၈,၇၅၄,၄၁၄. ၀ | ၇. ၃ | ၈. ၀ |
| | ၃ | သစ်တော | ၈၀,၅၅၃. ၉ | ၀. ၁ | ၇၇,၂၃၇. ၄ | ၀. ၁ | -၄. ၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄၀,၀၅၀,၂၃၆. ၉** | **၃၈. ၀** | **၄၆,၀၉၅,၁၀၈. ၄** | **၃၈. ၇** | **၁၅. ၁** |
| | ၁ | စွမ်းအင် | ၄,၆၈၈,၀၁၂. ၄ | ၄. ၄ | ၄,၇၂၄,၇၇၆. ၁ | ၄. ၀ | ၀. ၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၀၁၂,၆၃၈. ၅ | ၁. ၀ | ၁,၀၉၇,၃၂၂. ၈ | ၀. ၉ | ၈. ၄ |
| | ၃ | စက်မှုလက်မှု | ၂၆,၁၈၆,၆၆၃. ၁ | ၂၄. ၈ | ၃၀,၄၇၉,၁၀၄. ၇ | ၂၅. ၆ | ၁၆. ၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၄၆၁,၉၂၀. ၂ | ၁. ၄ | ၂,၀၈၀,၀၃၇. ၃ | ၁. ၇ | ၄၂. ၃ |
| | ၅ | ဆောက်လုပ်မှု | ၆,၇၀၁,၀၀၂. ၇ | ၆. ၄ | ၇,၇၁၃,၈၆၇. ၅ | ၆. ၅ | ၁၅. ၁ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၂,၇၃၅,၆၄၇. ၆** | **၄၀. ၅** | **၄၈,၇၈၇,၇၀၆. ၀** | **၄၁. ၀** | **၁၄. ၂** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၈၃၈,၈၁၃. ၆ | ၁၁. ၂ | ၁၃,၅၅၅,၄၄၁. ၅ | ၁၁. ၄ | ၁၄. ၅ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၇၇,၀၂၅. ၉ | ၂. ၀ | ၂,၂၃၄,၉၃၅. ၇ | ၁. ၉ | ၇. ၆ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅. ၂ | ၀. ၄ | ၄၀၉,၀၂၇. ၆ | ၀. ၃ | ၁၁. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၄၂၇,၃၈၄. ၉ | ၃. ၂ | ၃,၅၈၀,၃၂၉. ၃ | ၃. ၀ | ၄. ၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၃၈၄,၅၆၉. ၈ | ၃. ၂ | ၄,၀၇၈,၄၀၆. ၆ | ၃. ၄ | ၂၀. ၅ |
| | ၆ | ကုန်သွယ်မှု | ၂၁,၆၄၀,၂၄၈. ၂ | ၂၀. ၅ | ၂၄,၉၂၉,၅၆၅. ၃ | ၂၁. ၀ | ၁၅. ၂ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၀၅,၄၈၂,၃၂၅. ၄** | **၁၀၀. ၀** | **၁၁၉,၀၂၃,၄၀၅. ၃** | **၁၀၀. ၀** | **၁၂. ၈** |

**ပူးတွဲ-၅**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၂,၇၄၆,၆၇၇. ၈** | **၅၉. ၅** | **၇၀,၂၃၅,၆၉၉. ၃** | **၅၉. ၀** | **၁၁. ၉** |
| | ၁ | လယ်ယာ | ၁၄,၅၀၇,၉၄၆. ၇ | ၁၃. ၇ | ၁၅,၃၀၈,၉၃၉. ၅ | ၁၂. ၉ | ၅. ၅ |
| | ၂ | သားငါး | ၈,၁၀၇,၉၄၀. ၃ | ၇. ၇ | ၈,၇၅၄,၄၁၄. ၀ | ၇. ၃ | ၈. ၀ |
| | ၃ | သစ်တော | ၈၀,၅၅၃. ၉ | ၀. ၁ | ၇၇,၂၃၇. ၄ | ၀. ၁ | -၄. ၁ |
| | ၄ | စွမ်းအင် | ၄,၆၈၈,၀၁၂. ၄ | ၄. ၄ | ၄,၇၂၄,၇၇၆. ၁ | ၄. ၀ | ၀. ၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၀၁၂,၆၃၈. ၅ | ၁. ၀ | ၁,၀၉၇,၃၂၂. ၈ | ၀. ၉ | ၈. ၄ |
| | ၆ | စက်မှုလက်မှု | ၂၆,၁၈၆,၆၆၃. ၁ | ၂၄. ၈ | ၃၀,၄၇၉,၁၀၄. ၇ | ၂၅. ၆ | ၁၆. ၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၄၆၁,၉၂၀. ၂ | ၁. ၄ | ၂,၀၈၀,၀၃၇. ၃ | ၁. ၇ | ၄၂. ၃ |
| | ၈ | ဆောက်လုပ်မှု | ၆,၇၀၁,၀၀၂. ၇ | ၆. ၄ | ၇,၇၁၃,၈၆၇. ၅ | ၆. ၅ | ၁၅. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၁,၀၉၅,၃၉၉. ၄** | **၂၀. ၀** | **၂၃,၈၅၈,၁၄၀. ၇** | **၂၀. ၀** | **၁၃. ၁** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၈၃၈,၈၁၃. ၆ | ၁၁. ၂ | ၁၃,၅၅၅,၄၄၁. ၅ | ၁၁. ၄ | ၁၄. ၅ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၇၇,၀၂၅. ၉ | ၂. ၀ | ၂,၂၃၄,၉၃၅. ၇ | ၁. ၉ | ၇. ၆ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅. ၂ | ၀. ၄ | ၄၀၉,၀၂၇. ၆ | ၀. ၃ | ၁၁. ၃ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၄၂၇,၃၈၄. ၉ | ၃. ၂ | ၃,၅၈၀,၃၂၉. ၃ | ၃. ၀ | ၄. ၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၃၈၄,၅၆၉. ၈ | ၃. ၂ | ၄,၀၇၈,၄၀၆. ၆ | ၃. ၄ | ၂၀. ၅ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၁,၆၄၀,၂၄၈. ၂** | **၂၀. ၅** | **၂၄,၉၂၉,၅၆၅. ၃** | **၂၁. ၀** | **၁၅. ၂** |
| **၄** | | **စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၀၅,၄၈၂,၃၂၅. ၄** | **၁၀၀. ၀** | **၁၁၉,၀၂၃,၄၀၅. ၃** | **၁၀၀. ၀** | **၁၂. ၈** |

**ပူးတွဲ-၆**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၉၃၆,၃၂၄. ၄ | ၁. ၈ | ၂,၁၇၁,၉၁၇. ၈ | ၁. ၈ | ၁၂. ၂ |
| ၂ | ကယားပြည်နယ် | ၃၅၈,၈၆၀. ၉ | ၀. ၃ | ၃၉၁,၄၀၂. ၈ | ၀. ၃ | ၉. ၁ |
| ၃ | ကရင်ပြည်နယ် | ၁,၈၈၂,၁၄၇. ၁ | ၁. ၈ | ၂,၁၀၉,၁၇၃. ၂ | ၁. ၈ | ၁၂. ၁ |
| ၄ | ချင်းပြည်နယ် | ၄၃၂,၈၂၇. ၂ | ၀. ၄ | ၄၉၁,၀၆၄. ၂ | ၀. ၄ | ၁၃. ၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂,၄၃၁,၀၂၀. ၆ | ၁၁. ၈ | ၁၄,၁၈၄,၈၇၂. ၆ | ၁၁. ၉ | ၁၄. ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄,၃၃၂,၁၆၆. ၉ | ၄. ၁ | ၄,၅၉၄,၂၂၄. ၃ | ၃. ၉ | ၆. ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈,၄၆၀,၁၁၅. ၃ | ၈. ၀ | ၉,၄၇၅,၂၀၁. ၅ | ၈. ၀ | ၁၂. ၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈,၁၉၂,၇၉၉. ၁ | ၇. ၈ | ၉,၃၇၅,၄၅၀. ၄ | ၇. ၉ | ၁၄. ၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၃၈၅,၉၃၇. ၃ | ၁၀. ၈ | ၁၂,၉၂၄,၈၆၄. ၉ | ၁၀. ၈ | ၁၃. ၅ |
| ၁၀ | မွန်ပြည်နယ် | ၄,၂၈၇,၅၄၀. ၈ | ၄. ၁ | ၄,၇၉၀,၅၈၆. ၉ | ၄. ၀ | ၁၁. ၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၆၆၄,၀၈၁. ၂ | ၄. ၄ | ၅,၀၁၀,၂၈၂. ၁ | ၄. ၂ | ၇. ၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၆,၇၄၀,၈၇၈. ၉ | ၂၅. ၄ | ၃၁,၀၄၂,၃၆၁. ၀ | ၂၆. ၁ | ၁၆. ၁ |
| ၁၃ | ရှမ်းပြည်နယ် | ၆,၀၆၆,၀၉၆. ၇ | ၅. ၇ | ၆,၇၂၀,၂၈၉. ၅ | ၅. ၆ | ၁၀. ၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၂,၂၅၁,၆၆၉. ၂ | ၁၁. ၆ | ၁၃,၄၀၅,၉၃၉. ၆ | ၁၁. ၃ | ၉. ၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၀၅၉,၈၅၉. ၈ | ၂. ၀ | ၂,၃၃၅,၇၇၄. ၅ | ၂. ၀ | ၁၃. ၄ |

**ပူးတွဲ-၇**

**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၈,၈၀၅,၈၅၆. ၄ | ၂၆. ၅၀ | ၉,၇၉၆,၀၄၅. ၇ | ၂၆. ၃၈ |
| ၂ | သမဝါယမပိုင် | ၄,၂၇၀. ၁ | ၀. ၀၁ | ၄,၃၁၇. ၁ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၄,၄၁၆,၈၀၆. ၀ | ၇၃. ၄၉ | ၂၇,၃၃၃,၁၉၅. ၂ | ၇၃. ၆၁ |
| | **စုစုပေါင်း** | **၃၃,၂၂၆,၉၃၂. ၅** | **၁၀၀. ၀၀** | **၃၇,၁၃၃,၅၅၈. ၀** | **၁၀၀. ၀၀** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းခြင်း**

၁။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် က ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်စွဲဖြင့် လက်မှတ်ရေးထိုးပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉၇ ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၄၇ ဦး၊ စုစုပေါင်းတပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၄၄ ဦး လက်မှတ်ရေးထိုးတင်ပြလာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်တွင် လက်ခံရရှိခဲ့ပါသည်။

၂။ **ဖွဲ့စည်းခြင်း။** ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်ပါဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အားလုံးပါဝင်သော "ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယ

အကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီ” ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်မင်း | စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မာမာခိုင် | သထုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာဝေဖြိုးအောင် | သာကေတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝေလှိုင်ထွန်း | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးပါထန်း | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိန် | ထားဝယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမင်းသိန်း | တောင်တွင်းကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးဌေးဌေ | မြောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်မောင်မောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဦးနေမျိုးထွန်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစိုင်းဝင်းအေး (ခ) စိုင်းထွန်းအေး | မိုင်းရှူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ထ) | ဦးသိန်းလွင် | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဒ) | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဓ) | ဒေါ်ကျိန်ဒိုက်မန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (န) | ဦးလားလ်မင်းထန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ပ) | ဒေါက်တာမျိုးအောင် | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဖ) | ဒေါ်နွယ်နွယ်အောင် | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဗ) | ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည် | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဘ) | ဦးစိုင်းထွန်းအောင် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (မ) | ဦးကျော်ကျော် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ယ) | ဦးအောင်သိန်း | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ရ) | ဦးစိုးမိုး | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (လ) | ဗိုလ်မှူးချုပ်တင့်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဝ) | ဦးကျော်စိုးလင်း | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |
| (သ) | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) | အတွင်းရေးမှူး |

၃။ **တာဝန်နှင့် လုပ်ပိုင်ခွင့်များ။** ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီသည် အထက်အပိုဒ် ၁ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လေ့လာစိစစ်ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသည် ဆွေးနွေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ မတင်ပြမီအချိန်အထိ ပေါက်ကြားမှုမရှိစေရန် လျှို့ဝှက်အဆင့်သတ်မှတ်ဆောင်ရွက်ရမည်။

(ဂ) ကော်မတီအစည်းအဝေးတွင် ဆွေးနွေးမှုအားလုံးကို အသေးစိတ်မှတ်တမ်းတင်အတည်ပြုထား ရမည်။ သို့သော် ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

(ဃ) ဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးကို သင့်လျော်သလို ခေါ်ယူကျင်းပနိုင်သည်။

(င) ကော်မတီအစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(စ) ကော်မတီအစည်းအဝေးများတွင် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးမှုများအတွက် လွှတ်တော်ဆိုင်ရာဥပဒေများမှအပ အခြားဥပဒေအရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဆ) ကော်မတီအစည်းအဝေးများတွင် အတည်ပြုရမည့်အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲ ဆုံးဖြတ်ရန်လိုအပ်ပါက ယင်းအစည်းအဝေးသို့တက်ရောက်သည့် ကော်မတီဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ သဘောကွဲလွဲမှုများကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

၄။ **အစီရင်ခံစာတင်ပြခြင်း။** ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ နာယကထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးက လက်မှတ် ရေးထိုးတင်ပြနိုင်သည်။

(ဃ) ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

၅။ **သက်တမ်း။** ကော်မတီ၏သက်တမ်းသည် ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီးသည့်အချိန်ထိဖြစ်သည်။

၆။ ကော်မတီသည် အစီရင်ခံစာတင်သွင်းနိုင်ရေး အစည်းအဝေးခေါ်ယူကျင်းပရာတွင် လိုအပ်ပါက ဥပဒေမူကြမ်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြားဆွေးနွေးနိုင်သည်။

၇။ ကော်မတီသည် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီးပါက ဆွေးနွေးဆုံးဖြတ်ချက် နှင့် အစီရင်ခံစာမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများအားလုံးကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရမည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇။)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင် ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပညာရေးသုတေသန**ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော သုတေသနလုပ်ငန်းကို ဆိုသည်။

(ခ) **စီမံကိန်း**ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်သည့် ပညာရေးစီမံကိန်းကို ဆိုသည်။

(ဂ) **လေ့ကျင့်ရေး**ဆိုသည်မှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ကြားလေ့ကျင့်ပေးခြင်းနှင့် အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အထောက်အကူပေးမည့်နည်းပြများအား သင်ကြားလေ့ကျင့်ပေးခြင်းတို့ကို ဆိုသည်။

(ဃ) **ပညာရေးစာရင်းအင်း**ဆိုသည်မှာ ကောက်ယူစုစည်းထားသော ပညာရေးဆိုင်ရာကိန်းဂဏန်းနှင့် အချက်အလက်များကို ဆိုသည်။

(င) **ဖွံ့ဖြိုးမှုမိတ်ဖက်များ**ဆိုသည်မှာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ၊ ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများပံ့ပိုး၍ ပူးပေါင်းပါဝင်ဆောင်ရွက်သော နိုင်ငံများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကို ဆိုသည်။

(စ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ကောင်စီကို ဆိုသည်။

(ဆ) **လုပ်ငန်းကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဇ) **သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဦးစီးဌာနနှင့် အဖွဲ့များကို ဆိုသည်။

(ဈ) **ဦးစီးဌာန**ဆိုသည်မှာ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရေးသုတေသနလုပ်ငန်းများ အားကောင်းလာစေရန်၊

(ခ) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊

(ဂ) ပညာရေးသုတေသနလုပ်ငန်းနှင့် ပညာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် တိကျမှန်ကန်သော ပညာရေးစာရင်းအင်းများ ရရှိစေရန်၊

(ဃ) အမျိုးသားပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုး ညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ ပြုစုရေးဆွဲနိုင်ရန်၊

(င) ဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ကြား လေ့ကျင့်ပေးရန်၊

(စ) အခြေခံပညာသင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်ကြားလေ့ကျင့် ပေးမည့် နည်းပြကောင်းများ မွေးထုတ်ပေးရန်။

## အခန်း (၃)
## ကောင်စီဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည် -

(က) ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးကောင်စီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းအကြီးအမှူးများ | အဖွဲ့ဝင်များ |
| (၄) | ပညာရေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ | အဖွဲ့ဝင်များ |
| (၅) | သုတေသနကျွမ်းကျင်သူ ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (၆) | စီမံကိန်းနှင့်စာရင်းအင်း ကျွမ်းကျင်သူ ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (၇) | သင်ရိုးကျွမ်းကျင်သူ ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏ သက်တမ်းသည် အစိုးရအဖွဲ့၏သက်တမ်းအတိုင်းဖြစ်သည်။

၆။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် ပညာရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် အတည်ပြုပေးခြင်း၊

(ခ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနရှိ ဦးစီးဌာနများအား ပညာရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဂ) အမျိုးသားပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို လေ့လာဆန်းစစ်ခြင်းနှင့် ပြင်ဆင်ရေးဆွဲရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ပညာရေးစာရင်းအင်းများ တိကျခိုင်မာမှုရှိရေးနှင့် အချိန်မီရရှိရေးတို့အတွက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် အခြေခံပညာသင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ညှိနှိုင်းအတည်ပြုပေးခြင်း၊

(စ) လက်ခံရရှိသော ရန်ပုံငွေနှင့် ပစ္စည်းများကို ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ သုံးစွဲနိုင်ရန် အဆုံးအဖြတ်ပေးခြင်း။

၇။ ကောင်စီသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချီးမြှင့်ငွေနှင့်စရိတ်ကို သတ်မှတ်ပေးရမည်။

၈။ ကောင်စီဝင်များသည် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့က ကောင်စီကို အသစ်ဖွဲ့စည်း တာဝန်ပေးအပ်သည့်အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

## အခန်း (၄)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ကောင်စီသည် -

(က) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ညွှန်ကြားရေးမှူးချုပ် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ — အဖွဲ့ဝင်များ

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းဌာနခွဲ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန — အဖွဲ့ဝင်

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေးဌာနခွဲ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန — အဖွဲ့ဝင်

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် သုတေသနဌာနခွဲ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ လုပ်ငန်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပညာရေးသုတေသနလုပ်ငန်းများကို ချမှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊

(ခ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဂ) ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်ပူးပေါင်း၍ နည်းပညာဖလှယ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ သင်တန်းပေးခြင်းနှင့် ပညာရေးသုတေသနလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဃ) ပညာရေးသုတေသနလုပ်ငန်းများမှ ရရှိလာသည့်ရလဒ်များအပေါ် အခြေခံ၍ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုခြင်း၊

(င) ပညာရေးကဏ္ဍအတွက် တိကျမှန်ကန်သည့် ပညာရေးစာရင်းအင်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ ရယူစုစည်းခြင်း၊ ရရှိသော ပညာရေးစာရင်းအင်းများ၏ ခိုင်မာမှုကို စစ်ဆေးခြင်းနှင့် လိုအပ်သောအညွှန်းကိန်းများ တွက်ချက်ထုတ်ပြန်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(စ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် ရေးဆွဲအကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်း၊

(ဆ) နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီစေရန် လေ့လာဆန်းစစ်ခြင်းနှင့် ပြင်ဆင်ရေးဆွဲခြင်းတို့ကို အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အခြေခံပညာ ကျောင်းသုံးစာအုပ်များနှင့် ဆရာလက်စွဲများ ပြုစုရေးသားခြင်း၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ပြုစုခြင်းတို့ကို အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ကောင်စီက ပေးအပ်သည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နှစ်စဉ်အစီရင်ခံတင်ပြခြင်း။

## အခန်း (၅)
## ဘဏ္ဍာငွေသုံးစွဲခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၁။ ဦးစီးဌာနသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများဆိုင်ရာ အသုံးစရိတ်များကို ဝန်ကြီးဌာနမှတစ်ဆင့် ရယူ၍ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲရမည်။

၁၂။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည် -

(၁) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၂) ရန်ပုံငွေမှ တရားဝင်တိုးပွားမှုများ။

(ခ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲသတ်မှတ်ပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။

(ဂ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

(ဃ) ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

၁၃။ ဦးစီးဌာနသည် -

(က) ပြည်တွင်း ပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများကို ဥပဒေနှင့်အညီ စိစစ်လက်ခံရမည်။

(ခ) လက်ခံရရှိသော ထောက်ပံ့ငွေ၊ ချေးငွေနှင့် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် စနစ်တကျ သုံးစွဲပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ရမည်။

၁၄။ ဦးစီးဌာနသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေသုံးစွဲရာတွင် ကောင်စီ၏အဆုံးအဖြတ်ကို ခံယူရမည်။

၁၅။ ဦးစီးဌာနသည် -

(က) ကောင်စီနှင့် လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) လိုအပ်ပါက ကောင်စီနှင့် လုပ်ငန်းကော်မတီတို့၏ ချီးမြှင့်ငွေနှင့် အသုံးစရိတ်များကို ကျခံရမည်။

## အခန်း (၆)

## အထွေထွေ

၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့်လုပ်ငန်းကော်မတီသည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၇။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပညာရေးသုတေသနဥပဒေ (၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၇၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

**တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း**

၁။ သရက်ချောင်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးသည် ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။ အဆိုပါ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်သည် ယခုအခါတွင် ယင်းပါတီ၏ ပါတီဝင်မဟုတ်တော့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ စာဖြင့် အကြောင်းကြားတင်ပြချက်အရလည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဆ)၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၇၂ (ခ) တို့နှင့်အညီ ဦးအောင်စိုး ကို တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၇၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်များအဖြစ် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးမြင့်ဦး | အဖွဲ့ဝင် (၄) |
| (၂) | ဦးလှမြင့် | အဖွဲ့ဝင် (၅) |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၇၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးစိုးမင်း ကို ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**တင်ဒါကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် မဲရုံသုံးပစ္စည်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပြုပစ္စည်းများဝယ်ယူရေးနှင့် ရုံးလုပ်ငန်းသုံးစက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) တင်ဒါကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|---|
| (၁) | ဦးသန်းငွေး | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် | ဥက္ကဋ္ဌ |
| (၂) | ဦးရဲရင့်လွင် | ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲဆိုင်ရာ | အဖွဲ့ဝင် |
| (၃) | ဦးလှထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | အဖွဲ့ဝင် |
| (၄) | ဦးဝင်းဦးခိုင် | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (၅) | ဦးကျော်ကျော်စိုး | ညွှန်ကြားရေးမှူး စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းကျော်သူ | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၇) | ဦးတင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူး ဥက္ကဋ္ဌရုံး | အဖွဲ့ဝင် |
| (၈) | ဦးအောင်မျိုးသန့် | ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (၉) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (၁၀) | ဒေါ်စန္ဒာဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူး ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| (၁၁) | ဦးမြတ်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး သုတေသနနှင့်မှတ်တမ်းဌာနခွဲ | အဖွဲ့ဝင် |
| (၁၂) | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

## (ခ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးကျော်ကျော်စိုး | ညွှန်ကြားရေးမှူး စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာရေးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်စန္ဒာဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူး ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဇော်နောင်လတ် | ဒုတိယညွှန်ကြားရေးမှူး အမှုလက်ခံနှင့် ကြီးကြပ်ရေးဌာနခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမြတ်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး သုတေသနနှင့်မှတ်တမ်းဌာနခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်သင်းသင်းဝေ | လက်ထောက်ညွှန်ကြားရေးမှူး ထောက်ပံ့ရေးဌာနခွဲ | အဖွဲ့ဝင် |
| (၆) | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အဖွဲ့ဝင် |
| (၇) | ဦးတင့်နိုင်မောင် | ဒုတိယညွှန်ကြားရေးမှူး ထောက်ပံ့ရေးဌာနခွဲ | အတွင်းရေးမှူး |

## (ဂ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးရဲရင့်လွင် | ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲဆိုင်ရာ | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ကျော်စိုး | ညွှန်ကြားရေးမှူး စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (၃) | ဦးအောင်မျိုးသန့် | ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (၄) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်စန်းရင် | ဒုတိယညွှန်ကြားရေးမှူး စီမံဌာနခွဲ | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၆) | ဦးသန့်ဇင်အောင် | ဒုတိယညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမြတ်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး သုတေသနနှင့်မှတ်တမ်းဌာနခွဲ | အဖွဲ့ဝင် |
| (၈) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် (၁) ဦး | | အဖွဲ့ဝင် |
| (၉) | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် (၁) ဦး | | အဖွဲ့ဝင် |
| (၁၀) | ဦးတင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူး ဥက္ကဋ္ဌရုံး | အတွင်းရေးမှူး |

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးလှထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းဦးခိုင် | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းကျော်သူ | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (၄) | ဦးနိုင်သူရစိုး | ဒုတိယညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်ယဉ်မင်းအိ | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (၆) | ဦးသိန်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အဖွဲ့ဝင် |
| (၈) | ဦးသန့်ဇင်အောင် | ဒုတိယညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) တင်ဒါကော်မတီ**

(၁) မဲရုံသုံးပစ္စည်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဝယ်ယူရေးနှင့် ရုံးလုပ်ငန်းသုံး စက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(၅) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်း၊

(၇) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၈) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၉) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၁၀) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(၁၁) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

**(ခ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) မဲရုံသုံးပစ္စည်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဝယ်ယူရေးနှင့် ရုံးလုပ်ငန်းသုံး စက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ခြင်း၊

(၂) ကြမ်းခင်းဈေးနှုန်းတွက်ချက်ပြီးပါက "တင်ဒါကော်မတီ" သို့ တင်ပြအတည်ပြုချက်ရယူခြင်း။

**(ဂ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) တင်ဒါများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ဝယ်ယူရေးစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့်ဌာန အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

၃။ အထက်ပါ တင်ဒါကော်မတီသည် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအားလုံးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရမည်။

၄။ တင်ဒါကော်မတီသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ဖြင့် ထုတ်ပြန်သည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၅။ တင်ဒါကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၉)**
၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၅၇-ခ)၊ ဦးပိုင်အမှတ် (၃၄/၁၁)၊ (၃၄/၁၅) ရှိ မြေ ၁ ဧကကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ တတိယအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၅၇-ခ)၊ ဦးပိုင်အမှတ် (၃၄/၁၁)၊ (၃၄/၁၅) ရှိ မြေ ၁ ဧကကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၉၅. ၁၀ သန်းဖြင့် ဦးဗညားတင်ဦး + ဒေါ်ချောစုဝင်း တို့ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးဗညားတင်ဦး + ဒေါ်ချောစုဝင်းတို့သည် အဆိုပါ မြေကွက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၂၈. ၅၃ သန်းကို ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ပေးသွင်းခဲ့ပါသည်။ တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၆၆. ၅၇ သန်းကို လယ်ယာမြေဥပဒေပုဒ်မ ၃၀ (က) နှင့်အညီ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိပြီး (၁) လအတွင်း တန်ဖိုးငွေအကျေပေးသွင်းရန် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ထပ်မံအကြောင်းကြားခဲ့ခြင်းအပေါ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့် (ပုံစံ-၁၅) ရရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးဗညားတင်ဦး + ဒေါ်ချောစုဝင်းတို့သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးဗညားတင်ဦး + ဒေါ်ချောစုဝင်းတို့အနေဖြင့် နိုင်ငံတော်ပိုင် မြေကွက်ကိုဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၅၇-ခ)၊ ဦးပိုင်အမှတ် (၃၄/၁၁)၊ (၃၄/၁၅) ရှိ မြေ ၁ ဧကကို ဝယ်ယူသူ ဦးဗညားတင်ဦး + ဒေါ်ချောစုဝင်းတို့၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို လှည်းကူးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

အမှတ် ၆၃၅/၂၀၁၉ ။ ။ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင် အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစတင်၍ ယခင်ငြင်းပယ်ခဲ့သည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

အမှတ် ၆၃၆/၂၀၁၉ ။ ။ အီတလီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင် အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၁၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ချင်းပြည်နယ်ရုံးမှ (စ/၀၆၆၄) ဒုတိယညွှန်ကြားရေးမှူး ဦးရွှေလှ အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိနေရာ၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၁၂/၂၀၁၉)**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ (စ/၀၇၃၉) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်း အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကယားပြည်နယ်ရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၁၄/၂၀၁၉)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးတို့အား ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

(၁) (စ/၀၈၂၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး ချင်းပြည်နယ်ရုံး — စစ်ကိုင်းတိုင်းဒေသကြီးရုံး

(၂) (စ/၀၈၆၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော် ရန်ကုန်တိုင်းဒေသကြီးရုံး — မကွေးတိုင်းဒေသကြီးရုံး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၁၅/၂၀၁၉)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးတို့အား ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိနေရာ၌ပင် တာဝန်ချထားလိုက်သည် -

(၁) (စ/၀၆၆၃) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဦး စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း

(၂) (စ/၀၈၃၅) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင် လေ့ကျင့်ရေးဌာနစု

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၁၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံကိန်းလုပ်ငန်းဌာနမှ က ၂၉၃၇ ဒုတိယညွှန်ကြားရေးမှူး မြင့်စိုး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့မှ လ ၁၂၁၇၅၂ ရဲအုပ် ခင်မောင်ရီ အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၆၆၆၄ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂၅/၂၀၁၉)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၄) ဦးတို့အား လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

(၁) (စ/၀၈၇၉) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသိန်းဝင်း ကယားပြည်နယ်ရုံး
ရှမ်းပြည်နယ်ရုံး

(၂) (စ/၀၉၃၉) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဇော်ထွန်း ကချင်ပြည်နယ်ရုံး
ပဲခူးတိုင်းဒေသကြီးရုံး

(၃) (စ/၀၈၆၈) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးစိုးအောင် ကချင်ပြည်နယ်ရုံး
တနင်္သာရီတိုင်းဒေသကြီးရုံး

(၄) (စ/၁၁၉၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးထွန်းနိုင် စစ်ကိုင်းတိုင်းဒေသကြီးရုံး
ရန်ကုန်တိုင်းဒေသကြီးရုံး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂၆/၂၀၁၉)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးဌာနမှ (စ/၀၇၂၇) လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၁၉/၂၀၁၈) ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၁၁) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) (စ/၁၄၄၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဝင်းထိုက်လှိုင် ၁၇-၉-၂၀၁၈
ဦးစီးဌာနချုပ်ရုံး

(၂) (စ/၁၄၅၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးခင်ဇော် ၁၇-၉-၂၀၁၈
ရန်ကုန်တိုင်းဒေသကြီးရုံး

(၃) (စ/၁၀၃၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမြတ်သူ ၂၄-၉-၂၀၁၈
ချင်းပြည်နယ်ရုံး

(၄) (စ/၁၅၇၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်ဆန်းဝင်း ၁၉-၉-၂၀၁၈
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု

| | | |
|---|---|---|
| (၅) | (စ/၁၅၇၈) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးရဲနိုင်သူရိန်ကျော် မန္တလေးတိုင်းဒေသကြီးရုံး | ၁၇-၉-၂၀၁၈ |
| (၆) | (စ/၁၆၁၄) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဇော်ဇော်လတ် ချင်းပြည်နယ်ရုံး | ၁၇-၉-၂၀၁၈ |
| (၇) | (စ/၁၄၈၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်သူမြင့် ချင်းပြည်နယ်ရုံး | ၂၄-၉-၂၀၁၈ |
| (၈) | (စ/၁၄၇၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမောင်မောင်အောင် ချင်းပြည်နယ်ရုံး | ၂၄-၉-၂၀၁၈ |
| (၉) | (စ/၁၅၂၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဇေယျာလှိုင် ဧရာဝတီတိုင်းဒေသကြီးရုံး | ၂၀-၉-၂၀၁၈ |
| (၁၀) | (စ/၁၄၇၆) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်စိုး ကချင်ပြည်နယ်ရုံး | ၁၉-၉-၂၀၁၈ |
| (၁၁) | (စ/၁၇၃၁) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးခင်မောင်လွင် ချင်းပြည်နယ်ရုံး | ၁၇-၉-၂၀၁၈ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂၉/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၂၀/၂၀၁၈) ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၁၁) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (၁) | (စ/၁၃၆၀) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်သူရ ကရင်ပြည်နယ်ရုံး | ၁၈-၉-၂၀၁၈ |
| (၂) | (စ/၁၅၉၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်ကိုလတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု | ၁၉-၉-၂၀၁၈ |
| (၃) | (စ/၁၅၂၈) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဝင်းထွန်း ရန်ကုန်တိုင်းဒေသကြီးရုံး | ၁၇-၉-၂၀၁၈ |
| (၄) | (စ/၁၅၃၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကြည်သာဖြိုး ရခိုင်ပြည်နယ်ရုံး | ၂၀-၉-၂၀၁၈ |
| (၅) | (စ/၁၃၈၀) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးညိုဝင်းထွန်း ကယားပြည်နယ်ရုံး | ၁၈-၉-၂၀၁၈ |
| (၆) | (စ/၁၇၄၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဝင်းမြတ် ကယားပြည်နယ်ရုံး | ၁၈-၉-၂၀၁၈ |
| (၇) | (စ/၁၆၀၁) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဟန်မျိုးအောင် ကရင်ပြည်နယ်ရုံး | ၂၀-၉-၂၀၁၈ |
| (၈) | (စ/၁၂၃၆) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသူရလင်း စီမံရေးရာဌာနစု-၂ | ၂၄-၉-၂၀၁၈ |

(၉) (စ/၁၅၅၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးလှိုင်မင်းအောင် ၁၉-၉-၂၀၁၈
နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး

(၁၀) (စ/၁၆၁၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးနေဇော်ဝင်း ၁၇-၉-၂၀၁၈
ရှမ်းပြည်နယ်ရုံး

(၁၁) (စ/၁၇၇၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဇော်ဝင်းမောင် ၁၇-၉-၂၀၁၈
ရခိုင်ပြည်နယ်ရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၃၀/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၂၁/၂၀၁၈) ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၁၀) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) (စ/၁၂၆၆) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်ဇော်မိုး ၁၉-၉-၂၀၁၈
တနင်္သာရီတိုင်းဒေသကြီးရုံး

(၂) (စ/၁၅၀၁) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးထွန်းဝင်း ၁၈-၉-၂၀၁၈
ရှမ်းပြည်နယ်ရုံး

(၃) (စ/၁၅၆၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးနေလင်းအောင် ၁၇-၉-၂၀၁၈
စစ်ကိုင်းတိုင်းဒေသကြီးရုံး

(၄) (စ/၁၅၆၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးချစ်ကိုကိုလှိုင် ၂၁-၉-၂၀၁၈
တနင်္သာရီတိုင်းဒေသကြီးရုံး

(၅) (စ/၁၅၇၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသက်နိုင်မျိုး ၁၉-၉-၂၀၁၈
နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၆) (စ/၁၄၇၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးရဲဝင်းထွဋ် (ခ) သန်းထွဋ်ဦး ၁၇-၉-၂၀၁၈
စစ်ဆေးရေးဌာန

(၇) (စ/၁၅၇၆) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသန့်ဇော်ဦး ၁၇-၉-၂၀၁၈
စုံစမ်းရေးဌာနစု

(၈) (စ/၁၇၀၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမျိုးမင်းလတ် ၁၇-၉-၂၀၁၈
အကျိုးဆောင်ဌာနစု

(၉) (စ/၁၄၀၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဆန်းထူး ၁၇-၉-၂၀၁၈
ကယားပြည်နယ်ရုံး

(၁၀) (စ/၁၅၉၄) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသူရိန်လှ ၁၇-၉-၂၀၁၈
ချင်းပြည်နယ်ရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၃၁/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၂၂/၂၀၁၈) ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ

အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၁၀) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | (စ/၁၅၃၉) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမျိုးဇော်<br>စစ်ဆေးရေးဌာနစု | | ၁၇-၉-၂၀၁၈ |
| (၂) | (စ/၁၅၅၁) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသန်းထိုက်စိုး<br>တနင်္သာရီတိုင်းဒေသကြီးရုံး | | ၁၇-၉-၂၀၁၈ |
| (၃) | (စ/၁၄၃၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်အောင်<br>ဧရာဝတီတိုင်းဒေသကြီးရုံး | | ၂၀-၉-၂၀၁၈ |
| (၄) | (စ/၁၄၄၄) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်မျိုးမင်း<br>တနင်္သာရီတိုင်းဒေသကြီးရုံး | | ၁၈-၉-၂၀၁၈ |
| (၅) | (စ/၁၅၃၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဇော်မိုးအောင်<br>စစ်ဆေးရေးဌာန | | ၁၈-၉-၂၀၁၈ |
| (၆) | (စ/၁၃၅၁) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသိန်းစိုးစံထွန်း<br>ကရင်ပြည်နယ်ရုံး | | ၂၀-၉-၂၀၁၈ |
| (၇) | (စ/၁၇၇၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်ဆန်းလင်း<br>အကျိုးဆောင်ဌာနစု | | ၁၇-၉-၂၀၁၈ |
| (၈) | (စ/၁၅၄၀) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဝင်းဇော်အောင်<br>မကွေးတိုင်းဒေသကြီးရုံး | | ၁၉-၉-၂၀၁၈ |
| (၉) | (စ/၁၃၀၄) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးနိုင်ဝင်း<br>ကယားပြည်နယ်ရုံး | | ၁၈-၉-၂၀၁၈ |
| (၁၀) | (စ/၁၃၆၁) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးထိန်ဝင်း<br>တနင်္သာရီတိုင်းဒေသကြီးရုံး | | ၂၁-၉-၂၀၁၈ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၃၂/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၂၃/၂၀၁၈) ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၁၀) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | (စ/၁၅၃၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးစိုင်းသီဟကျော်<br>စီမံခန့်ခွဲရေးနှင့် လေ့ကျင့်ရေးဌာန | | ၁၇-၉-၂၀၁၈ |
| (၂) | (စ/၁၅၃၄) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဇော်မျိုးထွန်း<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု | | ၁၇-၉-၂၀၁၈ |
| (၃) | (စ/၁၅၉၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်ဇေလတ်<br>တိုင်စာစိစစ်ရေးဌာနစု | | ၁၇-၉-၂၀၁၈ |
| (၄) | (စ/၁၅၅၆) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်သူရ<br>နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး | | ၁၇-၉-၂၀၁၈ |

(၅) (စ/၁၀၂၈) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဇော်ဇော် ၁၇-၉-၂၀၁၈
နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး

(၆) (စ/၁၅၆၀) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်မျိုးထွန်း ၁၇-၉-၂၀၁၈
ကွန်ပျူတာမှုခင်းဌာနစု

(၇) (စ/၁၅၃၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်စွာအောင် ၁၇-၉-၂၀၁၈
စုံစမ်းရေးဌာနစု

(၈) (စ/၁၅၆၉) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးထိုက်ကိုကိုဦး ၁၇-၉-၂၀၁၈
ကွန်ပျူတာမှုခင်းဌာနစု

(၉) (စ/၁၅၈၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသန့်ဇင်ဦး ၁၇-၉-၂၀၁၈
နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး

(၁၀) (စ/၁၅၇၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမြင့်စိုး ၁၇-၉-၂၀၁၈
စုံစမ်းရေးဌာနစု

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၃၃/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၂၄/၂၀၁၈) ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၉) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) (စ/၁၅၂၉) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဝင်းဌေး ၁၇-၉-၂၀၁၈
ရခိုင်ပြည်နယ်ရုံး

(၂) (စ/၁၅၈၆) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်လွင်ဦး ၁၈-၉-၂၀၁၈
ဧရာဝတီတိုင်းဒေသကြီးရုံး

(၃) (စ/၁၄၀၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအေးလွင် ၁၈-၉-၂၀၁၈
ကချင်ပြည်နယ်ရုံး

(၄) (စ/၁၄၁၄) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကြည်လှိုင်ထွန်း ၁၇-၉-၂၀၁၈
စုံစမ်းရေးဌာနစု

(၅) (စ/၁၅၈၄) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်နေလင်း ၁၇-၉-၂၀၁၈
မကွေးတိုင်းဒေသကြီးရုံး

(၆) (စ/၁၄၄၉) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဆန်းမြင့် ၁၇-၉-၂၀၁၈
တိုင်စာစိစစ်ရေးဌာနစု

(၇) (စ/၁၄၀၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးကျော်ကိုကိုထွန်း ၁၇-၉-၂၀၁၈
တနင်္သာရီတိုင်းဒေသကြီးရုံး

(၈) (စ/၁၃၄၅) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမျိုးအောင် ၁၇-၉-၂၀၁၈
ကယားပြည်နယ်ရုံး

(၉) (စ/၁၄၂၇) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးသူရိန်လွင် ၁၇-၉-၂၀၁၈
စစ်ကိုင်းတိုင်းဒေသကြီးရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၃၄/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၂၅/၂၀၁၈) ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၉) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) (စ/၁၅၆၆) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးရဲနိုင်ဝင်း ဧရာဝတီတိုင်းဒေသကြီးရုံး ၁၈-၉-၂၀၁၈

(၂) (စ/၁၅၈၈) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးဖြိုးထိုက်အောင် မကွေးတိုင်းဒေသကြီးရုံး ၁၇-၉-၂၀၁၈

(၃) (စ/၁၆၀၉) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်မျိုးသိန်း ရခိုင်ပြည်နယ်ရုံး ၁၇-၉-၂၀၁၈

(၄) (စ/၁၅၈၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးညီညီထွန်း ရန်ကုန်တိုင်းဒေသကြီးရုံး ၁၇-၉-၂၀၁၈

(၅) (စ/၁၆၀၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်ဇာနည်လင်း မွန်ပြည်နယ်ရုံး ၁၇-၉-၂၀၁၈

(၆) (စ/၁၆၈၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးတင့်အောင်ဆွေ မကွေးတိုင်းဒေသကြီးရုံး ၁၇-၉-၂၀၁၈

(၇) (စ/၁၄၄၈) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်ကြည်မင်း ရန်ကုန်တိုင်းဒေသကြီးရုံး ၁၇-၉-၂၀၁၈

(၈) (စ/၁၄၇၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးစောလင်းကြူ ကရင်ပြည်နယ်ရုံး ၁၇-၉-၂၀၁၈

(၉) (စ/၁၃၁၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်သန်းလင်း ပဲခူးတိုင်းဒေသကြီးရုံး ၁၇-၉-၂၀၁၈

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၃၅/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၂၆/၂၀၁၈)၊ (၁၂၂၇/၂၀၁၈)၊ (၁၂၂၈/၂၀၁၈)၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃၇၉/၂၀၁၈) နှင့် (၁၃၈၀/၂၀၁၈) တို့ဖြင့် အစမ်းခန့်ထားခဲ့သော အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စီမံ) (၁၃) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) (ရ/၁၄၈၄) ဦးစီးအရာရှိ (စီမံ) ဒေါ်ယဉ်မာအေး စစ်ဆေးရေးဌာန ၁၇-၉-၂၀၁၈

(၂) (ရ/၁၄၈၁) ဦးစီးအရာရှိ (စီမံ) ဒေါ်သန္တာဝင်း ငွေစာရင်းဌာနစု ၁၇-၉-၂၀၁၈

| | | |
|---|---|---|
| (၃) | (ရ/၁၄၈၂) ဦးစီးအရာရှိ (စီမံ) ဒေါ်ခင်စန်းဌေး<br>နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး | ၁၇-၉-၂၀၁၈ |
| (၄) | (ရ/၀၉၆) ဦးစီးအရာရှိ (စီမံ) ဒေါ်အေမီ<br>ကရင်ပြည်နယ်ရုံး | ၁၇-၁၀-၂၀၁၈ |
| (၅) | (ရ/၁၃၅) ဦးစီးအရာရှိ (စီမံ) ဒေါ်မြင့်မြင့်ကြည်<br>ရှမ်းပြည်နယ်ရုံး | ၁၆-၁၀-၂၀၁၈ |
| (၆) | (ရ/၁၆၀) ဦးစီးအရာရှိ (စီမံ) ဒေါ်စုစု<br>မှုခင်းဌာနစု (မြန်မာနိုင်ငံအောက်ပိုင်း) | ၁၅-၁၀-၂၀၁၈ |
| (၇) | (ရ/၀၆၆) ဦးစီးအရာရှိ (စီမံ) ဒေါ်စုစုခိုင်<br>မန္တလေးတိုင်းဒေသကြီးရုံး | ၁၆-၁၀-၂၀၁၈ |
| (၈) | (ရ/၄၀၈) ဦးစီးအရာရှိ (စီမံ) ဒေါ်ချိုချိုမြင့်<br>မှုခင်းဌာနစု (မြန်မာနိုင်ငံအထက်ပိုင်း) | ၁၅-၁၀-၂၀၁၈ |
| (၉) | (ရ/၁၅၂) ဦးစီးအရာရှိ (စီမံ) ဒေါ်ကြူကြူမာ<br>မှုခင်းဌာနစု (မြန်မာနိုင်ငံအောက်ပိုင်း) | ၁၅-၁၀-၂၀၁၈ |
| (၁၀) | (ရ/၄၇၂) ဦးစီးအရာရှိ (စီမံ) ဒေါ်အေးအေးခိုင်<br>နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး | ၁၅-၁၀-၂၀၁၈ |
| (၁၁) | (ရ/၁၄၂) ဦးစီးအရာရှိ (စီမံ) ဒေါ်ခင်မာလွင်<br>မွန်ပြည်နယ်ရုံး | ၁၅-၁၀-၂၀၁၈ |
| (၁၂) | (ရ/၄၅၁) ဦးစီးအရာရှိ (စီမံ) ဒေါ်သန်းသန်းမြင့်<br>မှုခင်းဌာနစု (မြန်မာနိုင်ငံအထက်ပိုင်း) | ၁၅-၁၀-၂၀၁၈ |
| (၁၃) | (ရ/၁၅၃) ဦးစီးအရာရှိ (စီမံ) ဒေါ်လွင်မာတင်<br>မှုခင်းဌာနစု (မြန်မာနိုင်ငံအောက်ပိုင်း) | ၁၅-၁၀-၂၀၁၈ |

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၂၇၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့၊ မိုးကောင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆/အောင်သီရိရပ်)၊ ဦးပိုင်အမှတ် (၁၆/၂)၊ **မြေဧရိယာ (၀. ၂၃၀) ဧက** ရှိ မြေအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ **မြန်မာ့စီးပွားရေးဘဏ်ရုံး (ပင်လည်ဘူး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေး လိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၇၉/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၃၄-က/ကွေ့ကြီးအရှေ့မြောက်၊ ၃၃၄ (ခ) ကွေ့ကြီးအရှေ့တောင်)၊ ဦးပိုင်အမှတ် (၄၅၊ ၄၈၊ ၄၉၊ ၁၊ ၂၊ ၄၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၃၅၊ ၃၆၊ F-7) (၄၈၊ ၄၉၊ ၃၆)၊ **မြေဧရိယာ (၂၂. ၄၀) ဧက** ရှိ မြေအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန **အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံ (မုံရွာမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၀/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇/၆-သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (၂)၊ **မြေဧရိယာ ၀. ၆၂၀ ဧက** အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မုံရွာမြို့)** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၁/၂၀၁၉)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ပုလဲ့ရပ်ကွက်၊ ကွင်းအမှတ်/ အမည်-၃၆၈/တော်ပုလဲ့ကွင်း၊ မြေကွက်အမှတ် ( ၉ / ၂၅ ) ရှိ **မြေဧရိယာ ၀. ၂၂ ဧက** အား **မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကွမ်းခြံကုန်းမြို့နယ် အချိန်ပြည့်မိုးလေဝသတိုင်းထွာရေးစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၂/၂၀၁၉)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြို့မ (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၅၈၂ခ/ကျောက်ပုံးမြောက်ကွင်း၊ ဦးပိုင်အမှတ် (၁၉/၃၊ ၂၂/၁ဂ၊ ၂၂/၂ဂ၊ ၂၄/၁၊ ၂၄/၂) တို့ရှိ **မြေဧရိယာ ၁၀. ၀၀ ဧက** အား **စက်သုံးဆီသိုလှောင်ကန်နှင့် အရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ကျပ် (၃,၆၀၀,၀၀၀) နှုန်းဖြင့် **ဦးသိန်းဝင်းဇော် [၁၂/လမန (နိုင်) ၁၃၃၁၂၈]** အမည်ဖြင့် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၇ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၈၃/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈၅/ ၂၀၁၇) ဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ လက်ပတောကျေးရွာအုပ်စု၊ အကွက်အမှတ်/

အမည် (၁၉၃၉/ဆပ်ပြာကျင်းအရှေ့)၊ ဦးပိုင်အမှတ် (၁၂၇)၊ မြေဧရိယာ **(၆. ၅၅)** ဧကရှိ မြေအား **ခရီးသွားလုပ်ငန်းအထောက်အကူပြု အပန်းဖြေနားနေစခန်း** အဖြစ် အသုံးပြုရန် ဦးမျိုးဇော်ဦး [၉/ပမန (နိုင်) ၁၅၈၃၀၄] သို့ တစ်နှစ်လျှင် မြေငှားရမ်းခကျပ် **(၇၈၆,၀၀၀)** နှုန်းဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ **၅၁ ခ (ဂ)** အရ နှစ် (၃၀) စက်မှု/စီးပွား မြေငှားဂရန်ချထားပေးခြင်း **အစား** ဦးပြည့်လင်းအောင် [၁၃/တကန (နိုင်) ၁၅၀၅၉၇] အမည်ဖြင့် တစ်နှစ်လျှင် မြေငှားရမ်းခ **(၇၈၆,၀၀၀)** ကျပ် နှုန်းဖြင့် နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ပြောင်းလဲပြင်ဆင်ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၈၄/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၃၆/ပိတောက်လှကွင်း)၊ ဦးပိုင်အမှတ် (၁၂) ရှိ မြေဧရိယာ **(၁၂. ၀၀)** ဧကအား **ဆန်စက်နှင့် ထင်းအစားထိုး စပါးခွံလောင်စာတောင့်စက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **ကျပ် (၁,၄၄၀,၀၀၀)** နှုန်းဖြင့် **ဦးနေဝင်း [၁၂/ရပသ (နိုင်) ဝ၄၅၇၁၂]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁ ခ (ဂ) အရ နှစ် (၃၀) **စက်မှု/စီးပွား** မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၈၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့၊ မြကန်သာရပ်ကွက်၊ ကွင်းအမှတ်/အမည်-၂၇၅-က/ဘုရားချောင်းကွင်း၊ ဦးပိုင်အမှတ် ( က/၁၁၉ /၂) မှ မြေဧရိယာ ၀. ၉၃ ဧက၊ ဦးပိုင်အမှတ် (ဃ/၁၂၀) မှ မြေဧရိယာ ၂. ၁၇ ဧကနှင့် ဦးပိုင်အမှတ် ( ၁၂၀/၁၃၄/၂) မှ မြေဧရိယာ ၁. ၉၆ ဧက၊ **စုစုပေါင်းမြေဧရိယာ ၅. ၀၆ ဧက** အား **ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ မြောင်းမြမြို့သူနာပြုသင်တန်းကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၇/၂၀၁၉)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဗျောတောဝရပ်ကွက်၊ အကွက်အမှတ်/ အမည်-၃၈/မျှော်အင်းအနောက်ကွင်း၊ ဦးပိုင်အမှတ် (၇၉ᶜ) ရှိ မြေဧရိယာ **၀. ၃၃၇ ဧက** အား **မြန်မာ့အာမခံ လုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီးမြန်မာ့အာမခံလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၈/၂၀၁၉)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၁(ခ)-စုစည်းတောင်]၊ ဦးပိုင်အမှတ် (၁၄၇)၊ **မြေဧရိယာ ၀. ၂၂၉ ဧက** ရှိ မြေအား စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန **ဗဟိုစာရင်းအင်းအဖွဲ့ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၅) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များမှ အောက်ဖော်ပြပါ ဌာနခွဲမှူး (စီမံ)/ဌာနခွဲမှူး (ဘဏ္ဍာ)၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ တက္ကသိုလ်များတွင် လစ်လပ်လျက်ရှိသော ဌာနမှူး (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ဒေါ်သန်းသန်းအေး | ဌာနခွဲမှူး (စီမံ) ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနမှူး (စီမံ/ဘဏ္ဍာ) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် |
| ၂။ | ဒေါ်စိုးစိုးရီ | ဌာနခွဲမှူး (ဘဏ္ဍာ) ပဲခူးတက္ကသိုလ် | ဌာနမှူး (စီမံ/ဘဏ္ဍာ) မော်လမြိုင်တက္ကသိုလ် |
| ၃။ | ဒေါ်ညောင်ဟောက်လွန်း | ဌာနခွဲမှူး (ဘဏ္ဍာ) ရန်ကုန်တက္ကသိုလ် | ဌာနမှူး (စီမံ/ဘဏ္ဍာ) မြိတ်တက္ကသိုလ် |
| ၄။ | ဒေါ်ခင်ပြုံးကြည် | ဌာနခွဲမှူး (ဘဏ္ဍာ) ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ဌာနမှူး (စီမံ/ဘဏ္ဍာ) မိတ္ထီလာတက္ကသိုလ် |
| ၅။ | ဦးထွန်းနိုင်ဇော် | ဌာနခွဲမှူး (စီမံ) ရန်ကုန်အဝေးသင်တက္ကသိုလ် (မအူပင်ဌာနခွဲ) | ဌာနမှူး (စီမံ/ဘဏ္ဍာ) မြစ်ကြီးနားတက္ကသိုလ် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၂၈/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၅) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ ရန်ကုန်တက္ကသိုလ်မှ စာကြည့်တိုက်မှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဒေါက်တာလှိုင်လှိုင်ကြီး အား တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် လစ်လပ်လျက်ရှိသော ဌာနမှူး (စာကြည့်တိုက်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၂၉/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၅) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ ရန်ကုန်တက္ကသိုလ်မှ အင်ဂျင်နီယာမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဦးစိုင်းကိုကို အား ရန်ကုန်တက္ကသိုလ်မှ ဌာနမှူး (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးကို ကျော်ထောက်နောက်ခံပြု၍ ရန်ကုန်တက္ကသိုလ်တွင် အင်ဂျင်နီယာမှူးကြီး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၃၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၅) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များမှ အောက်ဖော်ပြပါ မော်ကွန်းထိန်း၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ တက္ကသိုလ်များတွင် လစ်လပ်လျက်ရှိသော ဌာနမှူး (သင်တန်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်တက္ကသိုလ် |
|---|---|---|---|
| ၁။ | ဒေါ်လှိုင်သန္တာ | ပြည်နည်းပညာတက္ကသိုလ် | ပြည်နည်းပညာတက္ကသိုလ် |
| ၂။ | ဒေါ်ခင်စောထွေး | မန္တလေးကွန်ပျူတာတက္ကသိုလ် | မန္တလေးကွန်ပျူတာတက္ကသိုလ် |
| ၃။ | ဦးနန္ဒကျော် | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် |
| ၄။ | ဦးကျော်ဝင်းလွင် | နည်းပညာတက္ကသိုလ် (မှော်ဘီ) | ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် |
| ၅။ | ဒေါက်တာနုနုတင် | ကွန်ပျူတာတက္ကသိုလ် (မုံရွာ) | ကွန်ပျူတာတက္ကသိုလ် (မုံရွာ) |
| ၆။ | ဒေါက်တာမီမီကျော် | ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) | ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) |
| ၇။ | ဒေါက်တာမြင့်မြင့်ခိုင် | နည်းပညာတက္ကသိုလ် (မကွေး) | နည်းပညာတက္ကသိုလ် (မကွေး) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၃၃/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၅) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ် (ပခုက္ကူ) မှ ဌာနမှူး (သင်တန်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာခိုင်မဥ္ဇူကျော် အား နည်းပညာတက္ကသိုလ် (ပခုက္ကူ) တွင် လစ်လပ်လျက်ရှိသော ဌာနကြီးမှူး (သင်တန်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၃၄/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၅) ၌ သဘောတူညီချက်အရ

အဆင့်မြင့်ပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ် (သန်လျင်) မှ ဌာနမှူး (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးမင်းဇော်ဦး အား နည်းပညာတက္ကသိုလ် (သန်လျင်) တွင် လစ်လပ်လျက်ရှိသော ဌာနကြီးမှူး (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး (အားကစား) မှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးမြသန်းထိုက် အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲ၊ ဝန်ထမ်း/စီမံဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်သင်းသင်းဝေ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစတင်၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ခံစားခွင့်ပြုလိုက်သည်။

အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဝေ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) မှ သဘောတူညီချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၆၄) နေရာ၊ အမှုထမ်းရာထူး (၂၆၁) နေရာ၊ စုစုပေါင်းရာထူး (၄၂၅) နေရာဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

စိုးဝင်း၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယစစ်ဆေးရေးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်မေဇင်ဝင်း အား ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ စီမံခန့်ခွဲမှုပညာဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကထိကရာထူး အင်အားကိုရယူ၍ လူမှုရေးသိပ္ပံပညာဌာနတွင် လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ သင်တန်းရေးရာဌာနကြီးမှ ဌာနကြီးမှူး (သင်တန်းရေးရာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်စန်းဝင်း အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာ (၃၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်) မှ မြေကွက်အမှတ်၊ A - ၀၀၁ (ခ/၂)၊ ဧရိယာ (၈. ၆၁၃) ဧကကို မဟာဝိဇယမုနိစေတီတော် တည်ထားရန် အခွန်လွတ်သာသနာမြေအဖြစ်လျှောက်ထားနိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၉) ခွင့်ပြုချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့်မြေအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့်မြေအဖြစ်မှ စွန့်လွှတ်လိုက်သည့်ဦးပိုင်/မြေကွက်အမှတ်၊ A - ၀၀၁ (ခ/၂) ၏ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်သည် -

| | | |
|---|---|---|
| မြောက်လားသော် | - | မြေကွက်အမှတ်၊ A-၀၀၁ (ခ/၁) |
| အရှေ့လားသော် | - | မြေကွက်အမှတ်၊ A-၀၀၁ (ခ/၁) |
| တောင်လားသော် | - | မြေကွက်အမှတ်၊ A-၀၀၁ (က) |
| အနောက်လားသော် | - | ချန်လှပ်မြေ |

**အမိန့်ကြော်ငြာစာ (၃၆/၂၀၁၉)**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ရွှေနံ့သာအနောက်ရပ်) မှ မြေကွက်အမှတ်၊ ဉ (ဘက-၀၄-က)၊ ဧရိယာ (၁. ၄၁၂) ဧကကို ရွှေမြိုင်စံအမှတ် (၂) ရွှေနံ့သာဘုန်းကြီးကျောင်း မြေနေရာအဖြစ် အခွန်လွတ်သာသနာမြေအဖြစ် လျှောက်ထားနိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၉) ဆုံးဖြတ်ချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့်မြေအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့် မြေအဖြစ်မှ စွန့်လွှတ်လိုက်သည့် ဦးပိုင်/မြေကွက်အမှတ်၊ ဉ (ဘက-၀၄-က) ၏ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်သည် -

| | | |
|---|---|---|
| မြောက်လားသော် | - | မင်္ဂလာရာမဘုန်းကြီးကျောင်း |
| အရှေ့လားသော် | - | ရွှေမြိုင်စံအမှတ် (၁) ဘုန်းကြီးကျောင်း |
| တောင်လားသော် | - | သစ္စာလမ်း |
| အနောက်လားသော် | - | ငဝန်လမ်း |

ဥက္ကဋ္ဌ

ဒေါက်တာမျိုးအောင်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ညှိနှိုင်းဆောင်ရွက်ရေးဌာနမှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၅၇၇ ဦးစိုးလွင် အား

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင်ကျင်းပသော ကော်မတီဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (က/၂၈) အရ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

## ရန်ကုန်မြို့တော်ရေပေးဝေရေးတိုးမြှင့်မှုစီမံကိန်း (ကုက္ကိုဝရေပေးဝေရေးစီမံကိန်း) အတွက် စစ်တမ်းကောက်ယူရန် အကျုံးဝင်သည့် နောက်ဆုံးနေ့ Cut-off Date (COD) ကို ထုတ်ပြန်ကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အများပြည်သူ ရေလုံလောက်စွာရရှိစေရန်အတွက် ရေပေးဝေရေးလုပ်ငန်းကို မြို့တော်နယ်နိမိတ်အတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၃၃ တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA တို့သည် ရန်ကုန်မြို့တော်ရေပေးဝေရေးတိုးမြှင့်မှုစီမံကိန်း (Greater Yangon Water Supply Improvement Project Phase-2) (MY-P19) ကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အကျုံးဝင်သည့် နောက်ဆုံးနေ့ Cut-off Date (COD) ကို သတ်မှတ်ရန် လိုအပ်လာသည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်ကြေညာလိုက်သည်။

၃။ ရန်ကုန်မြို့တော်ရေပေးဝေရေးတိုးမြှင့်မှုစီမံကိန်း (Greater Yangon Water Supply Improvement Project Phase-2) (MY-P19) ၏ ပင်မရေပို့ပိုက်လိုင်းလမ်းကြောင်းသည် ထန်းတပင်မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်း၏တောင်ဘက်၊ လမ်းလယ်မှ ၇၅ ပေအကွာ မိုင်တိုင်အမှတ် ၆ မိုင် ၁၃ ဖာလုံမှ ၅ မိုင် ၄ ဖာလုံအထိလည်းကောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်-ပုသိမ်လမ်းမြောက်ဘက်သို့ကူး၍ အနော်ရထာလမ်း၊ ထိုမှတစ်ဆင့် လှိုင်မြစ်လမ်းသို့ဖြတ်၍ ဘုရင့်နောင် ပန်းခြံရေလှောင်ကန်သို့လည်းကောင်း၊ ဘုရင့်နောင်ပန်းခြံမှ ပန်းလှိုင်လမ်းဆုံတွင် လမ်း၏ တောင်ဘက်ခြမ်းသို့ဖြတ်၍ ဘုရင့်နောင်တံတားအောက် စက်မှုဇုန်အားလည်းကောင်း၊ ထိုမှတစ်ဆင့် လှိုင်မြစ်ကြမ်းခင်းအောက်မှဖြတ်၍ ဘုရင့်နောင်လမ်းအတိုင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လမ်းနယ်နိမိတ်အတွင်းမှ ကုက္ကိုင်းရေစုကန်သို့ သွယ်တန်းမည်ဖြစ်ပါသည်။

၄။ ရန်ကုန်မြို့တော်ရေပေးဝေရေးတိုးမြှင့်မှုစီမံကိန်း (Greater Yangon Water Supply Improvement Project Phase-2) (MY-P19) ဆောင်ရွက်ရာတွင် စီမံကိန်းဧရိယာအတွင်း အကျိုးသက်ရောက်မည့်နေရာများမှာ ပင်မရေပို့ပိုက်လိုင်း ဖြတ်သန်းသွားမည့်နေရာတစ်လျှောက် ဝဲဘက် ၁၅ ပေနှင့် ယာဘက် ၁၅ ပေ၊ စုစုပေါင်း ၃၀ ပေ ဖြစ်ပါသည်။

၅။ အထက်စာပိုဒ် (၄) ပါ စီမံကိန်းဧရိယာအတွင်း ပင်မရေပို့ပိုက်လိုင်း ဖြတ်သန်းသွားမည့် ကျေးရွာ၊ ရပ်ကွက်နှင့် မြို့နယ်များတွင် နေထိုင်သူများအား လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန်အတွက် ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သော်လည်း မလွှဲမရှောင်နိုင်သော ယာယီနေရာပြောင်းရွှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လာနိုင်သည့်အတွက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း ဖြစ်ပေါ်လာနိုင်သော လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများအား လျော့လာနိုင်ရန်နှင့် ပြန်လည်နေရာချထားရေးအစီအစဉ် Resettlement Action Plan (RAP) အား ရေးဆွဲနိုင်ရန်အလို့ငှာ လူမှုစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ၊ အပင်စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ စီမံကိန်းဆောင်ရွက်ရာတွင် အထက်စာပိုဒ် (၄) ပါ စီမံကိန်းဧရိယာအတွင်း ယာယီပြန်လည်နေရာချထားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်

ပြန်လည်နေရာချထားရေးပံ့ပိုးမှုများ ပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် [၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်နေ့] အား အကျုံးဝင်သည့်နောက်ဆုံးနေ့ Cut-off Date (COD) အဖြစ် တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။

၇။ COD နေ့ရက်သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းမူဝါဒနှင့် နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများမှ ချမှတ်ထားသော စံနှုန်းများနှင့်အညီ စစ်တမ်းကောက်ယူမည့် ပထမဆုံးနေ့ရက်အဖြစ် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

၈။ COD နေ့ရက်နောက်ပိုင်း အထက်စာပိုဒ် (၃) ပါ စီမံကိန်းဧရိယာတွင်း ကျူးကျော်ဝင်ရောက်လာခြင်း၊ မည်သည့်အဆောက်အဦအမျိုးအစားကိုမဆို အသစ်တည်ဆောက်ခြင်း၊ မူလရှိပြီးသား အဆောက်အဦအား တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်တည်ဆောက်ခြင်း၊ မြေယာလွှဲပြောင်းခြင်း ရောင်းချခြင်းများအတွက် မြေယာ လျော်ကြေးနှင့် ပြန်လည်နေရာချထားရေး ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်များ ရရှိခံစားနိုင်မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်မောင်စိုး၊
ဥက္ကဋ္ဌ (မြို့တော်ဝန်)၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၁၉ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့် အား ငွေကြေး စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ရုံးချုပ် (နေပြည်တော်) တွင် တာဝန်ထမ်းဆောင်ရန် ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) ဒေါ်မြင့်မြင့်ကြည် သည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန်လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှစ၍ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏နောက်တစ်နေ့ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်း အဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရေးရာဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သွယ် ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို **နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁** တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ **နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ** သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာ (၇၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၈၆၈/ ကွမ်းတေးမြောက်ကွင်း၊ ဦးပိုင်အမှတ် (၂၆၇^က) ရှိ မြေဧရိယာ (၀. ၂၃) ဧက၊ ဦးပိုင်အမှတ် (၂၆၇^ခ) ရှိ မြေဧရိယာ (၀. ၂၃) ဧက၊ ဦးပိုင်အမှတ် (၂၆၇^ဃ) ရှိ မြေဧရိယာ (၀. ၀၆) ဧက၊ ဦးပိုင်အမှတ် (၂၆၇^စ) ရှိ မြေဧရိယာ (၀. ၂၃) ဧကနှင့် ဦးပိုင်အမှတ် (၂၆၇^ဆ) ရှိ မြေဧရိယာ (၀. ၁၈) ဧက၊ **စုစုပေါင်းမြေဧရိယာ (၀. ၉၃) ဧက** အား **တော်ကူးကျောင်းကြီး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၇၆/၂၀၁၉)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ရိုးဂိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - OSS၊ ဦးပိုင်အမှတ် (၁) ရှိ **မြေဧရိယာ (၃. ၅၀) ဧက** အား **သာမညစကြာတောင်ကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၇၇/၂၀၁၉)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ အာယုတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၁၃ᐟ/OSS/ဆီဆိုင်အနောက်ကွင်း၊ ဦးပိုင်အမှတ် (၆၄/၁) မှ **မြေဧရိယာ (၁. ၈၀) ဧက** အား **ဓမ္မသာရဝိဟာရကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၇၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ ဦးပိုင်အမှတ် [A-၀၀၁ (ခ/၂)] ရှိ **မြေဧရိယာ (၈. ၆၁၃) ဧက** အား **မဟာဝိဇယမုနိစေတီတော်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၇၉/၂၀၁၉)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့၊ အင်ကြင်းမြိုင်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၅/ထိန်ကင်းချောင်)၊ ဦးပိုင်အမှတ် (၄၉)၊ **မြေဧရိယာ (၀. ၈၀၃) ဧက** အား **မင်းကွန်းကမ္မဋ္ဌာန်းကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့် အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၈၀/၂၀၁၉)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့၊ အင်ကြင်းမြိုင်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၅/ထိန်ကင်းချောင်)၊ ဦးပိုင်အမှတ် (၃၅)၊ **မြေဧရိယာ (၁. ၁၈၂) ဧက** အား **မင်းကွန်းကမ္မဋ္ဌာန်းကျောင်းတိုက် (၁)** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့် အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၈၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဗိုလ်ကုန်း (၁၈) ရပ်ကွက်၊ အကွက်အမှတ်/အမည် - ၃/ရွှေပန်းကျောင်းရပ်၊ ဦးပိုင်အမှတ် (၂၃ - က) ရှိ **မြေဧရိယာ (၀. ၂၁၄) ဧက** အား **ပဏ္ဍိတာရာမ မွန်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၉၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

၁။ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများ၏ တာဝန်နှင့် အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား လက်ရှိအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်စေရန်၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ ခံစားခွင့်ရှိသည့် လျော့နှုန်းအား သင့်တင့်မျှတသောနှုန်းထားဖြင့် ပြန်လည်သတ်မှတ်ပေးနိုင်ရန်၊ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများခန့်အပ်၍ တံဆိပ်ခေါင်းလိုအပ်သူများ လိုအပ်သည့်အချိန် ဝယ်ယူနိုင်စေရေးအတွက် ရောင်းချပေးနိုင်ရန် ရည်ရွယ်လျက် ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေနှင့် အခွန်တံဆိပ်ခေါင်း ရောင်းချခြင်းဆိုင်ရာ နည်းဥပဒေတို့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၈၀၇/၂၀၁၅ နှင့် ၁၈၀၈/၂၀၁၅ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါဥပဒေများ၏ နည်းဥပဒေ ၃၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြို့နယ်အဆင့်သတ်မှတ်ချက်အလိုက် ခန့်ထားနိုင်သည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဦးရေ၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများဝယ်ယူခွင့် ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် တန်ဖိုး၊ အများဆုံးဝယ်ယူခွင့်ရှိသည့် တံဆိပ်ခေါင်းအရေအတွက်နှင့် စုစုပေါင်းတန်ဖိုး၊ သုံးလပတ်ကာလအလိုက် ကြားဖြတ်ဝယ်ယူနိုင်သည့် အကြိမ်ရေတို့ကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ဝ၆၃/၂၀၁၆ ဖြင့် ပြင်ဆင်ခဲ့ပါသည်။

၃။ သို့သော်လည်း ယခုအခါ ပြောင်းလဲလာသော အခြေအနေများနှင့် ကိုက်ညီစေရန် ယခင်အမိန့်ကြော်ငြာစာ အမှတ်၊ ဝ၆၃/၂၀၁၆ ၏ နောက်ဆက်တွဲဇယား (က) မှ (ဃ) အထိပါ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအဆင့်အလိုက် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူတစ်ဦးစီအား ရောင်းချရမည့် အများဆုံးအရေအတွက်နှင့် တန်ဖိုးစာရင်း များကို ယခုအမိန့်ကြော်ငြာစာ၏ နောက်ဆက်တွဲပါဇယားများဖြင့် အစားထိုးပြင်ဆင်သတ်မှတ်လိုက်သည်။

မင်းထွန်း

ညွှန်ကြားရေးမှူးချုပ်

ပြည်တွင်းအခွန်များဦးစီးဌာန

နောက်ဆက်တွဲ (က)

**တံဆိပ်ခေါင်းမျိုးစိတ်တစ်မျိုးချင်းစီ၏ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအဆင့်အလိုက် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူတစ်ဦးစီအား ရောင်းချရမည့် အများဆုံးအရေအတွက်/တန်ဖိုးစာရင်း**

| စဉ် | ရုံးခွန်နှိပ် | အထူး (က) မြို့နယ် | | (က) မြို့နယ် | | (ခ) မြို့နယ် | | (ဂ) မြို့နယ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး |
| ၁ | ၁၀၀ိ | ၅၀ | ၅,၀၀၀ | ၅၀ | ၅,၀၀၀ | ၄၀ | ၄,၀၀၀ | ၃၅ | ၃,၅၀၀ |
| ၂ | ၁၅၀ိ | ၇၀ | ၁၀,၅၀၀ | ၇၀ | ၁၀,၅၀၀ | ၅၀ | ၇,၅၀၀ | ၃၅ | ၅,၂၅၀ |
| ၃ | ၂၀၀ိ | ၇၀ | ၁၄,၀၀၀ | ၇၀ | ၁၄,၀၀၀ | ၅၀ | ၁၀,၀၀၀ | ၃၅ | ၇,၀၀၀ |
| ၄ | ၂၅၀ိ | ၇၀ | ၁၇,၅၀၀ | ၇၀ | ၁၇,၅၀၀ | ၅၀ | ၁၂,၅၀၀ | ၃၅ | ၈,၇၅၀ |
| ၅ | ၃၀၀ိ | ၇၀ | ၂၁,၀၀၀ | ၇၀ | ၂၁,၀၀၀ | ၅၀ | ၁၅,၀၀၀ | ၃၅ | ၁၀,၅၀၀ |
| ၆ | ၅၀၀ိ | ၁၅၀ | ၇၅,၀၀၀ | ၁၀၀ | ၅၀,၀၀၀ | ၇၀ | ၃၅,၀၀၀ | ၃၅ | ၁၇,၅၀၀ |
| ၇ | ၁၀၀၀ိ | ၂၀၀ | ၂၀၀,၀၀၀ | ၁၅၀ | ၁၅၀,၀၀၀ | ၇၀ | ၇၀,၀၀၀ | ၃၅ | ၃၅,၀၀၀ |
| **စုစုပေါင်း** | | | **၃၄၃,၀၀၀** | | **၂၆၈,၀၀၀** | | **၁၅၄,၀၀၀** | | **၈၇,၅၀၀** |

နောက်ဆက်တွဲ (ခ)

**တံဆိပ်ခေါင်းမျိုးစိတ်တစ်မျိုးချင်းစီ၏ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအဆင့်အလိုက်**
**လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူတစ်ဦးစီအား ရောင်းချရမည့်**
**အများဆုံးအရေအတွက်/တန်ဖိုးစာရင်း**

| စဉ် | ရုံးခွန်ကပ် | အထူး (က) မြို့နယ် | | (က) မြို့နယ် | | (ခ) မြို့နယ် | | (ဂ) မြို့နယ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး |
| ၁ | ၂၅ိ | ၁၅ | ၁၁,၂၅၀ | ၇ | ၅,၂၅၀ | ၃ | ၂,၂၅၀ | ၁ | ၇၅၀ |
| ၂ | ၅၀ိ | ၃၀ | ၄၅,၀၀၀ | ၃၀ | ၄၅,၀၀၀ | ၁၅ | ၂၂,၅၀၀ | ၁၅ | ၂၂,၅၀၀ |
| ၃ | ၁၀၀ိ | ၃၅ | ၁၀၅,၀၀၀ | ၃၅ | ၁၀၅,၀၀၀ | ၂၀ | ၆၀,၀၀၀ | ၂၀ | ၆၀,၀၀၀ |
| ၄ | ၁၅၀ိ | ၃၅ | ၁၅၇,၅၀၀ | ၃၅ | ၁၅၇,၅၀၀ | ၂၀ | ၉၀,၀၀၀ | ၁၀ | ၄၅,၀၀၀ |
| ၅ | ၂၀၀ိ | ၃၅ | ၂၁၀,၀၀၀ | ၃၅ | ၂၁၀,၀၀၀ | ၂၀ | ၁၂၀,၀၀၀ | ၁၀ | ၆၀,၀၀၀ |
| ၆ | ၃၀၀ိ | ၃၅ | ၃၁၅,၀၀၀ | ၃၅ | ၃၁၅,၀၀၀ | ၂၀ | ၁၈၀,၀၀၀ | ၁၀ | ၉၀,၀၀၀ |
| ၇ | ၄၀၀ိ | ၃၅ | ၄၂၀,၀၀၀ | ၃၅ | ၄၂၀,၀၀၀ | ၂၀ | ၂၄၀,၀၀၀ | ၁၀ | ၁၂၀,၀၀၀ |
| ၈ | ၅၀၀ိ | ၃၅ | ၅၂၅,၀၀၀ | ၂၀ | ၃၀၀,၀၀၀ | ၇ | ၁၀၅,၀၀၀ | ၃ | ၄၅,၀၀၀ |
| ၉ | ၆၀၀ိ | ၃၅ | ၆၃၀,၀၀၀ | ၂၀ | ၃၆၀,၀၀၀ | ၇ | ၁၂၆,၀၀၀ | ၃ | ၅၄,၀၀၀ |
| ၁၀ | ၈၀၀ိ | ၃၅ | ၈၄၀,၀၀၀ | ၂၀ | ၄၈၀,၀၀၀ | ၇ | ၁၆၈,၀၀၀ | ၃ | ၇၂,၀၀၀ |
| ၁၁ | ၁၀၀၀ိ | ၇၀ | ၂,၁၀၀,၀၀၀ | ၂၀ | ၆၀၀,၀၀၀ | ၃ | ၉၀,၀၀၀ | ၂ | ၆၀,၀၀၀ |
| **စုစုပေါင်း** | | | **၅,၃၅၈,၇၅၀** | | **၂,၉၉၇,၇၅၀** | | **၁,၂၀၃,၇၅၀** | | **၆၂၉,၂၅၀** |

နောက်ဆက်တွဲ (ဂ)

**တံဆိပ်ခေါင်းမျိုးစိတ်တစ်မျိုးချင်းစီ၏ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအဆင့်အလိုက်**
**လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူတစ်ဦးစီအား ရောင်းချရမည့်**
**အများဆုံးအရေအတွက်/တန်ဖိုးစာရင်း**

| စဉ် | အခွန်နှိပ် | အထူး (က) မြို့နယ် | | (က) မြို့နယ် | | (ခ) မြို့နယ် | | (ဂ) မြို့နယ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး |
| ၁ | ၁၀၀ိ | ၉၀၀ | ၉၀,၀၀၀ | ၆၀၀ | ၆၀,၀၀၀ | ၄၀၀ | ၄၀,၀၀၀ | ၃၀၀ | ၃၀,၀၀၀ |
| ၂ | ၂၀၀ိ | ၉၀၀ | ၁၈၀,၀၀၀ | ၆၀၀ | ၁၂၀,၀၀၀ | ၄၀၀ | ၈၀,၀၀၀ | ၃၀၀ | ၆၀,၀၀၀ |
| ၃ | ၂၅၀ိ | ၉၀၀ | ၂၂၅,၀၀၀ | ၆၀၀ | ၁၅၀,၀၀၀ | ၄၀၀ | ၁၀၀,၀၀၀ | ၃၀၀ | ၇၅,၀၀၀ |
| ၄ | ၃၀၀ိ | ၉၀၀ | ၂၇၀,၀၀၀ | ၆၀၀ | ၁၈၀,၀၀၀ | ၄၀၀ | ၁၂၀,၀၀၀ | ၃၀၀ | ၉၀,၀၀၀ |
| ၅ | ၄၀၀ိ | ၉၀၀ | ၃၆၀,၀၀၀ | ၆၀၀ | ၂၄၀,၀၀၀ | ၄၀၀ | ၁၆၀,၀၀၀ | ၃၀၀ | ၁၂၀,၀၀၀ |
| ၆ | ၅၀၀ိ | ၉၀၀ | ၄၅၀,၀၀၀ | ၆၀၀ | ၃၀၀,၀၀၀ | ၄၀၀ | ၂၀၀,၀၀၀ | ၃၀၀ | ၁၅၀,၀၀၀ |
| ၇ | ၆၀၀ိ | ၉၀၀ | ၅၄၀,၀၀၀ | ၆၀၀ | ၃၆၀,၀၀၀ | ၄၀၀ | ၂၄၀,၀၀၀ | ၃၀၀ | ၁၈၀,၀၀၀ |
| ၈ | ၁၀၀၀ိ | ၅၀၀ | ၅၀၀,၀၀၀ | ၄၀၀ | ၄၀၀,၀၀၀ | ၃၀၀ | ၃၀၀,၀၀၀ | ၂၀၀ | ၂၀၀,၀၀၀ |
| **စုစုပေါင်း** | | | **၂,၆၁၅,၀၀၀** | | **၁,၈၁၀,၀၀၀** | | **၁,၂၄၀,၀၀၀** | | **၉၀၅,၀၀၀** |

နောက်ဆက်တွဲ (ဃ)

**တံဆိပ်ခေါင်းမျိုးစိတ်တစ်မျိုးချင်းစီ၏ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအဆင့်အလိုက်**
**လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူတစ်ဦးစီအား ရောင်းချရမည့်**
**အများဆုံးအရေအတွက်/တန်ဖိုးစာရင်း**

| စဉ် | အခွန်ကပ် | အထူး (က) မြို့နယ် | | (က) မြို့နယ် | | (ခ) မြို့နယ် | | (ဂ) မြို့နယ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး | ရွက် | တန်ဖိုး |
| ၁ | ၅ | ၈၀၀ | ၄၀၀,၀၀၀ | ၆၅၀ | ၃၂၅,၀၀၀ | ၅၀၀ | ၂၅၀,၀၀၀ | ၃၅၀ | ၁၇၅,၀၀၀ |
| **စုစုပေါင်း** | | | **၄၀၀,၀၀၀** | | **၃၂၅,၀၀၀** | | **၂၅၀,၀၀၀** | | **၁၇၅,၀၀၀** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the Matter of the Myanmar Companies Law and

**ZTE CORPORATION (YANGON BRANCH)**

Notice Under Section 348

At an Extraordinary General Meeting of the Board of Directors of the Company held at No.166, MMB Tower, 6th & 7th Floor, Upper Pansodan Street, Mingalar Taung Nyunt Township, Yangon, Myanmar on 7-11-2019, the following resolution were passed as Special Resolutions.

Resolved :

(1) "that the Company be and is hereby decided to be wound up voluntarily",

(2) "that U Chandra [B.Sc., H.G.P., M.A (Business Law.), PGDL., LL.B., Advocate], [12/ Tha Ka Ta (Naing) 118493], No. 50, 1st floor, Room No (C-1), Bank Street, Kyauktada Township, Yangon is appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extend and for such period as may be necessary for the beneficial winding-up thereof and be granted such other powers as may be deemed fit or proper."

Therefore, the creditors of the above-named Company are required to send their Name, Address and the Particulars of their debts of claims and the Names and Addresses of their attorneys, if any, to the under-signed Liquidator in person as by their said debts or claims on or before 7-12-2019 as in default thereof they will be excluded from the settlement of such debts and claims.

| | |
|---|---|
| Wen Na | U Chandra |
| Authorised Officer | Advocate |
| ZTE CORPORATION (YANGON BRANCH) | Liquidator |

## M S N MYANMAR COMPANY LIMITED

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **M S N MYANMAR COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၄. ၁၁. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့်ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U KYAW SWA LIN | ဦးဇင်ဝေ |
| Managing Director | [B.Com (AA)., CPA (210)] |
| M S N Myanmar Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## တော်ဝင်ရာမည မန်နူဖက်ချားရင်း(န်) အင်(န်) ဒစ်စတီဗျူးရှင်း ကုမ္ပဏီလီမိတက်
## (Royal Yamanya Manufacturing and Distribution Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**တော်ဝင်ရာမည မန်နူဖက်ချားရင်း(န်) အင်(န်) ဒစ်စတီဗျူးရှင်း ကုမ္ပဏီလီမိတက် (Royal Yamanya Manufacturing and Distribution Company Limited)** ၏ အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား အမှတ် (၆၃၅-အေ-၁)၊ အခန်း အမှတ် (အေ-၃) (ဘီ-၃) ရိုးမရပ်သာ၊ (၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၇-၁၂-၂၀၁၉) နေ့လယ် (၁း၀၀) နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် (၆၃၅-အေ-၁)၊ အခန်းအမှတ် (အေ-၃) (ဘီ-၃) ရိုးမရိပ်သာ၊
(၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

## UKEAS MENTOR INTERNATIONAL CO., LTD

Notification

For Final Meeting of All Shareholders

Under Section 357 of the Myanmar Companies law, 2017, it is hereby notified to all shareholders to be present at the Final General Meeting of the above-mentioned Company situated at Building No. 29, Room 11, Shwe Ohn Pin Estate, Yanshin Street, Yankin Township, Yangon, Myanmar. The Meeting will be convened at 10:00 am 8-12-2019. The Liquidator U Khin Win will submit the final liquidation accounts, liquidation latest conditions, and if agreed, will submit the final liquidation statement to the Company Registration Office (DICA).

ဦးခင်ဝင်း
[B.A., H.G.P., R.L., D.B.L., D.I.L., D.M.L,
P.G.D.I.T (New Delhi), D:Jap, M.P.A., M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(Liquidator's Office) No. 175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar.
Phone - 095008583

Notice of Special Resolution

## LUXE LIMO CO., LTD

For Members' Voluntary Winding-up

(Pursuant to Section 348 of Myanmar Companies Law)

1. Under the Special Resolution passed on 6-11-2019, the Company is placed under voluntary liquidation, and U Khin Win (Business & Legel Consultant) has been appointed Liquidator of the Company.

2. Therefore all creditors and debtors of the Company hereby are notified to claim with evidence or to pay, if any, to the above-mentioned Liquidator to the address mentioned hereunder within 8-12-2019.

U Aung Kyaw
Managing Director
Luxe Limo Co.,Ltd

ဦးခင်ဝင်း
[B.A., H.G.P., R.L., D.B.L., D.I.L., D.M.L,
P.G.D.I.T (New Delhi), D:Jap, M.P.A., M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(Liquidator's Office) No. 175 (first floor), 48th Street, Botahtaung Township, Yangon, Myanmar.
Phone - 095008583

**ဂရိတ်ဖောမိုဆာ ကုမ္ပဏီလီမိတက်**

**(Great Formosa Co., Ltd)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းပိတ်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဂရိတ်ဖောမိုဆာ ကုမ္ပဏီလီမိတက် (Great Formosa Co., Ltd)** အား (၃၁. ၁၀. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းပိတ်သိမ်းရာတွင် ဦးသောင်းအေး [B.A., CPA., (R.A)] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းပိတ်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

AUNG SEIN @ TAN SIN SEIN
Managing Director
Great Formosa Co., Ltd

ဦးသောင်းအေး
[B.A., CPA., (R.A)., A.CPA]
စာရင်းရှင်းလင်းပိတ်သိမ်းရေးအရာရှိ
အမှတ် (၄၀၆)၊ လေးလွှာ၊ ဗိုလ်မြတ်ထွန်းတာဝါ၊
ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၇၂၁၅၈၊ ၀၉-၂၅၅၉၄၃၅၃

Notice for Final Closure of

**LivingSquare Hanwha Co., Ltd**

(Voluntary Winding up)

Notice is hereby given that the Final General Meeting of shareholders of **LivingSquare Hanwha Co., Ltd** will be held at 11:00 am on [November 30, 2019] at No. 106, Pyay Road, Mayangone Township, Yangon, Myanmar.

Liquidator's final report will be submitted to the Final General Meeting and final closure of the Company will be approved by shareholders.

Daw Than Than
[BA (Law)., LL.B] (Advocate)
Liquidator
No.408, Ba Nyar Da La Road,
Byaing Yae Oe Sin Kwat Thit,
Tamwe Township, Yangon.

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**သောကြာ ကုမ္ပဏီလီမိတက်**

**(THOUT KYAR COMPANY LIMITED)**

၏ ဖျက်သိမ်းရန်ကြေညာချက်

၁။ **သောကြာ ကုမ္ပဏီလီမိတက် (THOUT KYAR COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၇. ၁၁. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ) ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ [B.Sc., H.G.P., LL.B., M.A (Business Law.), PGDL]** (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးရာဇာမြင့် (ခ) သူရိန်ထွန်း
အုပ်ချုပ်မှုဒါရိုက်တာ
THOUT KYAR COMPANY LIMITED

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ရွှေဘအောင် ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

ဦးကျော်ဝင်း
(B.Sc., H.G.P., R.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**MLB MYANMAR CO.,LTD**

အစုရှင်များ၏ဆန္ဒအရဖျက်သိမ်းဆဲ

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

**MLB MYANMAR CO.,LTD** ကို အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) (ခ) တို့နှင့်အညီ အစုရှင်များ၏ အပြီးသတ်နောက်ဆုံး အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နေ့ရက် ။ ။ ၂၀. ၁၁. ၂၀၁၉

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးစိန်ဝင်း
(B.Com., R.A., CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Ltd
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၆၀၃၇၆၀

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၁၉၀၀/၈-၁၁-၂၀၁၉။